KAISER PERMANENTE®

# ဆေးဘက်ဆိုင်ရာ ငွေကြေးထောက်ပံ့မှု ပေါ်လစီ အကျဉ်းချုပ်

Kaiser Permanente ၏ ဆေးဘက်ဆိုင်ရာ ငွေကြေးထောက်ပံ့မှု( Medical Financial Assistance, MFA )အစီအစဉ်သည် Kaiser Permanente ဆေးရုံ သို့မဟုတ် Kaiser Permanente ပံ့ပိုးသူမှ ရရှိသော အရေးပေါ် သို့မဟုတ် ဆေးကုသမှု လိုအပ်သော စောင့်ရှောက်မှုအတွက် ပေးဆောင်ရန် လိုအပ်သည့် အရည်အချင်းပြည့်မီသော လူနာများအတွက် ငွေကြေးအထောက်အပံ့ပေးသည်။ လူနာများသည် MFA အစီအစဉ်အတွက် အွန်လိုင်းမှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ သို့မဟုတ် လျှောက်လွှာကို ဖြည့်စွက်၍ တင်ခြင်းဖြင့်လည်းကောင်း နည်းလမ်းများစွာဖြင့် လျှောက်ထားနိုင်သည်။ လူနာများသည် အရည်အချင်းပြည့်မီရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းပြည့်မီသော လိုအပ်ချက်များနှင့် ကိုက်ညီရမည်။

### မည်သူသည် ငွေကြေးအထောက်အပံ့အတွက် အရည်အချင်းပြည့်မီပြီး လိုအပ်ချက်များမှာ အဘယ်နည်း။

အစီအစဉ်သည် ဝင်ငွေနည်းပါးသူ၊ အာမခံမရှိသော သို့မဟုတ် ဝန်ဆောင်မှု မလုံလောက်သော လူနာများအား သူတို့၏ ဆေးကုသမှု အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအတွက် ပေးချေရာတွင် အထောက်အပံ့ လိုအပ်သော လူနာများကို ကူညီသည်။ ယေဘုယျအားဖြင့် လူနာများ၏ စုစုပေါင်း အိမ်ထောင်စုဝင်ငွေသည် ဖက်ဒရယ်ဆင်းရဲနွမ်းပါးမှု လမ်းညွှန်ချက်များ (Federal Poverty Guidelines, FPG) ၏ %300 အောက်တွင်ရှိလျှင် သို့မဟုတ် ပုံမှန်မဟုတ်သော ဆေးဝါးကုသမှု ကုန်ကျစရိတ် မြင့်မားမှုများရှိသောအခါ လူနာများသည် ငွေကြေးအထောက်အပံ့ ရရှိနိုင်သည်။ အရည်အချင်းပြည့်မီမှုကို ဆုံးဖြတ်ရန်နှင့် လျှောက်ထားမှုကို ကူညီရန်အတွက် လူနာများသည် ဘဏ္ဍာရေး အတိုင်ပင်ခံနှင့် ဆွေးနွေးသင့်သည်။

ဆေးဘက်ဆိုင်ရာ ငွေကြေးအထောက်အပံ့အတွက် အရည်အချင်းပြည့်မီသော လူနာများသည် အရေးပေါ် သို့မဟုတ် အခြား ဆေးဘက်ဆိုင်ရာ လိုအပ်သော စောင့်ရှောက်မှုအတွက် ယေဘုယျအားဖြင့် ငွေတောင်းခံသော ပမာဏ *(Amounts Generally Billed, AGB)* ထက်မပိုပါ။ *AGB* အချက်အလက်အတွက် kp.org/mfa/wa တွင်ဖတ်ရှုပါ။

### Kaiser Permanente သည် လူနာများအား အများပြည်သူနှင့် ပုဂ္ဂလိက အစီအစဉ်များအတွက် အရည်အချင်းပြည့်မီမှု ရှိမရှိ စစ်ဆေးပေးပါသလား။

Kaiser Permanente သည် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီမှု လိုအပ်ချက်များကို ကူညီလိမ့်မည့် အများပြည်သူနှင့် ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ဖော်ထုတ်ရန် လူနာများကို ကူညီထောက်ပံ့ပေးသည်။ အများပြည်သူနှင့် ပုဂ္ဂလိက ကျန်းမာရေးအစီအစဉ်များအတွက် အရည်အချင်းပြည့်မီသည်ဟု ယူဆရသော လူနာသည် ထို အစီအစဉ်များကို လျှောက်ထားရန် လိုအပ်သည်။

### အစီအစဉ်က ဘာတွေ အကျုံးဝင်သလဲ။

ဆေးဘက်ဆိုင်ရာ ငွေကြေးအထောက်အပံ့ အစီအစဉ်သည် Kaiser Permanente ဆေးဘက်ဆိုင်ရာ ရုံး၊ ဆေးရုံ၊ ဆေးဆိုင် သို့မဟုတ် Kaiser Permanente ပံ့ပိုးပေးသူက ပေးသည့် ဆေးဘက်ဆိုင်ရာ လိုအပ်သော စောင့်ရှောက်မှုများနှင့် အကျုံးဝင်သည်။ အဆိုပါ Kaiser Permanente ပံ့ပိုးသူမှ အရေးပေါ် သို့မဟုတ် ဆေးဘက်ဆိုင်ရာအရ လိုအပ်သော ဝန်ဆောင်မှုများဟု မယူဆသော၊ မျိုးမပွားနိုင်ခြင်း ကုသမှုများနှင့် အလှအပဝန်ဆောင်မှု လုပ်ငန်းများအပြင် ကျန်းမာရေးစောင့်ရှောက်မှု ပရီမီယံများ မပါဝင်သော ဝန်ဆောင်မှု အမျိုးအစားများ အပါအဝင်တို့သည် အကျုံးမဝင်ပါ။ MFA မူဝါဒရှိ ပိုမိုပြည့်စုံသော စာရင်းကို ကြည့်ပါ။

### ဘာသာစကား အကူအညီ ရှိပါသလား။

သင့်အတွက် စကားပြန်များအား အခမဲ့ ပေးနိုင်ပါသည်။ သင်သည် စကားပြန်၏အကူအညီဖြင့် တစ်စုံတစ်ဦးနှင့် စကားပြောဆိုလိုပါက အဖွဲ့ဝင်ဝန်ဆောင်မှုများ 1-888-901-4636 (TTY: **711**) သို့ခေါ်ဆိုပါ သို့မဟုတ် ကျွန်ုပ်တို့၏ဝက်ဘ်ဆိုဒ် kp.org/mfa/wa တွင် ဝင်ရောက်ကြည့်ရှုပါ။

### ၎င်း Kaiser Permanente တွင် ငွေကြေးထောက်ပံ့မှု မူဝါဒ ရှိပါသလား။

သင်သည် Kaiser Permanente ၏ ဆေးဘက်ဆိုင်ရာ ငွေကြေးထောက်ပံ့မှု မူဝါဒ၏ မိတ္တူကို 1-888-901-4636 (TTY: **711**) ကိုဖုန်းခေါ်ဆိုခြင်း၊ medfinassist@kp.org သို့ အီးမေးလ်ပို့ခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် kp.org/mfa/wa ကို ဝင်ရောက်ကြည့်ရှုခြင်းဖြင့် အခမဲ့တောင်းခံနိုင်ပါသည်။

### အကူအညီ လိုအပ်ပါသလား။

ဆေးဘက်ဆိုင်ရာ ငွေကြေးအထောက်အပံ့ လျှောက်ထားမှု လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အကူအညီ သို့မဟုတ် မေးခွန်းများအတွက်၊ ကျေးဇူးပြု၍ 1-800-442-4014 (TTY: **711**) သို့ခေါ်ဆိုပါ၊ သို့မဟုတ် မည်သည့် Kaiser Permanente ဆေးရုံ စီးပွားရေးရုံး သို့မဟုတ် ဝင်ခွင့်ဌာနမဆိုရှိ ဝန်ထမ်းနှင့် စကားပြောဆိုပါ။

### ကျွန်တော် မည်သို့ လျှောက်ထားရမည်နည်း။

ဆေးဘက်ဆိုင်ရာ ငွေကြေးထောက်ပံ့မှုကို အွန်လိုင်းမှတဆင့် သို့မဟုတ် အဖွဲ့ဝင်ဝန်ဆောင်မှုများကို ဆက်သွယ်ခြင်းမှ တဆင့် လျှောက်ထားနိုင်ပါသည်။

MFA အစီအစဉ် အချက်အလက်များကို အောက်ပါနေရာများတွင် ရရှိနိုင်ပါသည်။

- အွန်လိုင်းရှိ kp.org/mfa/wa
- မည်သည့် Kaiser Permanente ဆေးရုံတွင်းရှိ စီးပွားရေးရုံးခန်း သို့မဟုတ် ဝင်ခွင့်ဌာနမဆိုရှိ ဝန်ထမ်း။
- 1-800-442-4014 (TTY: **711**) သို့ ခေါ်ဆိုပါ
- အီးမေးလိပ်စာ medfinassist@kp.org တွင် စာဖြင့် (အကုန်အကျ မရှိဘဲ)
- လျှောက်လွှာကို Kaiser Permanente လူမှုအသိုင်းအဝန်း ဝက်ဘ်ဆိုက်မှတဆင့် kp.org/mfa/wa တွင် ကူးယူပါ။

ကျေးဇူးပြု၍ ပြီးပြည့်စုံသော လျှောက်လွှာများ (လျှောက်လွှာလမ်းညွှန်ချက်များတွင် ဖော်ပြထားသော လိုအပ်သော စာရွက်စာတမ်းများနှင့် အချက်အလက်အားလုံး အပါအဝင်)

– အနီးဆုံး Kaiser Permanente ဆေးရုံ စီးပွားရေးရုံးခန်း သို့မဟုတ် ဝင်ခွင့်ဌာနသို့ လူကိုယ်တိုင် ဖြစ်စေ
– Kaiser Permanente, MFA Program,
  P.O. Box 34584, Seattle, WA 98124-1584 သို့စာဖြင့် ဖြစ်စေ
– 1-206-877-0640 သို့ ဖက်စ်ဖြင့် ပို့ပါ။

Kaiser Permanente သည် တင်သွင်းသော လျှောက်လွှာများကို ပြီးပြည့်စုံသောအချိန်တွင် ပြန်လည်သုံးသပ်လိမ့်မည်ဖြစ်ပြီး Kaiser Permanente ဆေးဘက်ဆိုင်ရာ ငွေကြေးထောက်ပံ့မှု ပေါ်လစီအရ သင်အား အရည်အချင်းပြည့်မီမှု ရှိမရှိကို ဆုံးဖြတ်လိမ့်မည်။ မပြည့်စုံသော လျှောက်လွှာများသည် သင်၏ MFA လျှောက်ထားမှု လုပ်ငန်းစဉ်ကို ကြန့်ကြာခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ရှိစေနိုင်သည်၊ သို့သော် Kaiser Permanente သည် လိုအပ်သော နောက်ဆုံးသတ်မှတ်ရက်အရ ပျောက်ဆုံးနေသော စာရွက်စာတမ်းများ သို့မဟုတ် အချက်အလက်များကို ပေးပို့နိုင်ရန် လျှောက်ထားသူများကို အကြောင်းကြားလိမ့်မည်။

©2022 Kaiser Foundation Hospital;
Kaiser Foundation Health Plan of Washington